၇။ **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း။**

(က) အဆိုပြုတင်ပြသည့် တင်ဒါတွက်ချက်မှုကို တင်ဒါတင်သွင်းသူမှ လုံး၀ တာဝန်ယူရမည်။ (မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာတာဝန်ရှိသည်။)

(ခ) လုပ်ငန်းတန်ဘိုးတွက်ချက်ရာတွင် With-holding Tax ၂% ပေးဆောင်ရမည်။ အဆိုပါ ၂% အား သီးခြားတွက်ချက်တင်ပြခြင်းမပြုရ ။

(ဂ) ပြည်ထောင်စုစာရင်းစစ်ရုံးမှ စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေရှိလျှင် ကုမ္ပဏီမှ အပြည့်အ၀ တာဝန်ယူပေးသွင်းရပါမည်။

၈။ **အိတ်ဖွင့်တင်ဒါအာမခံငွေပေးသွင်းခြင်း**

(က) အိတ်ဖွင့်တင်ဒါသွင်းသူသည် အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေအား လုပ်ငန်းတန်ဘိုး၏၁% ၅၅၀၀၀၀ိ/ (ကျပ်ငါးသိန်းငါးသောင်းတိတိ)ကိုအင်းစိန်မြန်မာ့စီးပွားရေးဘဏ်သို့(PO)ပြုလုပ်ပြီးပေးသွင်းရမည်။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ်ဆောင်ရွက်ပြီးပါက အာမခံစပေါ်ငွေ(PO) လက်ခံဖြတ်ပိုင်းတင်ပြနိုင်ပါက (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်။

(ခ) တင်ဒါအောင်မြင်သူများအနေဖြင့် (၅)ရက်အတွင်း အဆောက်အဦတန်ဘိုး၏ ၅ % ကို လုပ်ငန်းအာမခံငွေ (PG) အဖြစ် အင်းစိန်မြန်မာ့စီးပွားရေးဘဏ်သို့တိုက်ရိုက်ပေးသွင်းရပါမည်။ အဆိုပါလုပ်ငန်းအာမခံငွေ(PG)အား အဆောက်အဦပြီးစီး၍ လုပ်ငန်းသက်တမ်း(၁)နှစ်ပြည့်ပြီးမှသာ ပြန်လည်ထုတ်ပေးမည်။

(ဂ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ ၁%ကို တံဆိပ်ခေါင်းခွန်အဖြစ် ပေးဆောင်ရမည်။

(ဃ) တင်ဒါအောင်မြင်သူများအနေဖြင့် အဆောက်အဦတန်ဘိုး၏ ၅%ကို ကုန်သွယ်ခွန်အဖြစ် ပေးဆောင်ရမည်။ အဆိုပါ (၅ %) အားသီးခြား တွက်ချက်တင်ပြခြင်း မပြုရ။

၉။ လုပ်ငန်းဆောင်ရွက်ခြင်းအား လုပ်ငန်းအပ်နှံသူမှ သတ်မှတ်သည့် စံချိန်စံညွှန်းအတိုင်းသတ်မှတ်ချိန် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည်။

၁၀။ တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ထားသောနေရာတွင် ပြီးစီးအောင်တည်ဆောက်နိုင်ခြင်းမရှိပါက နောက်ကျဒဏ်ကြေးအဖြစ်(၁)ရက်လျှင် ဆောင်ရွက်ရန်ကျန်လုပ်ငန်းတန်ဖိုး၏(၀.၀၁%)ကို ပေးဆောင်ရမည်။

၁၁။ တင်ဒါအောင်မြင်သူမှ လုပ်ငန်းများကို ကျွမ်းကျင်သူအင်ဂျင်နီယာအဖွဲ့၊ စက်ယာဥ်ယန္တရားများ ပြည့်စုံစွာဖြင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ရမည်။